# အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Saturday—Second Morning Session)
Message Five

## စစ်မှန်သော သဘောတညီတညွတ်ဖြစ်ခြင်း၏ အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ တ၊၁း၁၄။ ၂း၄၆။ ၄း၂၄။ ၅း၁၂။ ၁၅း၂၅။ ရော၊၁၅း၆

**I. အသင်းတော်ရှိ စစ်မှန်သော သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် ဝိညာဉ်တော်၏တစ်လုံးတစ်ဝဖြစ်ခြင်း တည်းဟူသော ကိုယ်ခန္ဓာတော်တစ်လုံးတစ်ဝဖြစ်ခြင်း၏ လက်တွေ့လုပ် ဆောင်မှုဖြစ်သည် - ဧ၊၄း၃-၆။**

A. ဖေက် ၄း၄-၆ မှနေ၍ တစ်လုံးတစ်ဝဖြစ်ခြင်းကို ကျွန်ုပ်တို့လက်တွေ့လုပ်ဆောင်မှုသည် အသင်းတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်း ဂုဏ်အင်္ဂလက္ခဏာအပေါ်တွင် အခြေတည်ကြောင်း မြင်ရသည်၊ ယင်းမှာ၊ ဝိညာဉ်တော်တစ်ပါး၊ သခင်တစ်ပါး၊ ဘုရားသခင်တစ်ပါး၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်၊ ယုံကြည်ခြင်းတစ်ခု၊ ဗတ္တိဇံတစ်ခု၊ မျှော်လင့်ခြင်းတစ်ခု ဖြစ်သည်။

B. အသင်းတော်ရှိ စစ်မှန်သော သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်မှုသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို ယူဆောင်ကျင့်သုံးခြင်းဖြစ်သည် - တ၊၁း၁၄။ ၂း၄၆။

C. တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်မှုသည် သဘောတညီတညွတ်ဖြစ်ခြင်းနှင့်အတူ ဖြစ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်သောအခါ ၎င်းသည် သဘောတညီတညွတ်ဖြစ်ခြင်း ဖြစ်လာသည် - ၁၅း၂၅။

1. ယောဟန်စာစောင်၌ သခင်ဘုရားသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို အလေးပေးထားပြီး၊ တမန်တော်စာစောင် သဘောတညီတညွတ်ဖြစ်ခြင်းကို အလေးပေးထားသည် - ယော၊၁၀း၃၀။ ၁၇း၁၁၊ ၂၁-၂၃။ တ၊၁း၁၄။ ၂း၄၆။ ၄း၂၄။ ၁၅း၂၅။

2. ဧဝံဂေလိကျမ်းများနှင့် တမန်တော်ဝတ္ထုကို ပိုင်းခြားပေးသည့် မှတ်တိုင်မှာ အယောက်တစ်ရာ့နှစ်ဆယ်အလယ်တွင်ရှိသော သဘောတညီတစ်ညွတ်ဖြစ်ခြင်း ဖြစ်သည် - ၁း၁၄။

   a. သူတို့သည် ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝဖြစ်လာကြကာ၊ ထိုတစ်လုံးတစ်ဝဖြစ်ခြင်း၌ သူတို့သည် ဆုတောင်းခြင်း၌ သဘောတညီတညွတ်ဖြစ်ခြင်းဖြင့် လုံ့လရှိစွာ ဆက်လက်လုပ်ဆောင်ကြသည် - ဧ၊၄း၃-၆။ တ၊၁း၁၄။

   b. တမန်တော်များနှင့် ယုံကြည်သူများသည် အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ကြသောအခါ သူတို့သည် သဘောတညီတညွတ်ဖြစ်ခြင်း၌ လက်တွေ့လုပ်ဆောင်ခဲ့ကြသည် - ၂း၄၆။ ၄း၂၄။ ၅း၁၂။

D. သဘောတညီတညွတ်ဖြစ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ နှလုံး၊ အချက်အချာ၊ နျူကလိယဖြစ်သည် - ဧ၊၄း၃။ တ၊၄း၂၄။ ရော၊၁၅း၆။

1. တစ်လုံးတစ်ဝဖြစ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်ကဲ့သို့ဖြစ်ပြီး၊ သဘောတညီတညွတ်ဖြစ်ခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ နှလုံးကဲ့သို့ဖြစ်သည်။

2. ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ ဖျားနာမှုသည် ခန္ဓာကိုယ်အတွင်းရှိ နှလုံး၌ ဖျားနာခြင်းကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့အလယ်ရှိ ဖျားနာမှုသည် ကျွန်ုပ်တို့က သဘောတညီတညွတ်ဖြစ်ခြင်းကို လုံလောက်စွာ မရရှိခြင်းနှင့် ကျွန်ုပ်တို့က တစ်လုံးတစ်ဝဖြစ်ခြင်းကို ဖျားနာနေသော "နှလုံး"ဖြင့် စောင့်ထိန်းနေကြကြောင်း ပြသနေသည်။

**II. သဘောတညီတညွတ်ဖြစ်ခြင်းသည် ကျွန်ုပ်တို့၏အတွင်းဖြစ်ခြင်း၌၊ ကျွန်ုပ်တို့၏အသိဉာဏ်နှင့် အလိုဆန္ဒ၌ ညီညွတ်မျှတခြင်းကို ရည်ညွှန်းသည် - တ၊၁း၁၄။**

A. တမန်တော် ၁း၁၄ တွင် သဘောတညီတညွတ်ဖြစ်ခြင်းကို ရည်ညွှန်းရန် ဂရိစကားလုံး *ဟိုမိုသူမာဒွန်* (*homothumadon*) ကို အသုံးပြုထားသည်။

1. ထိုစကားလုံးသည် *ဟိုမို (homo)*၊ "တူညီခြင်း" နှင့် *သူမိုစ် (thumos)* "အသိဉာဏ်၊ အလိုဆန္ဒ၊ ရည်ရွယ်ချက် (စိတ်၊ စိတ်နှလုံး) တို့မှ ဆင်းသက်လာပြီး၊ လူတစ်ဦး၏ဖြစ်ခြင်းတစ်ခုလုံးရှိ အတွင်းပိုင်းခံစားမှု ညီညွတ်မျှတခြင်းကို ရည်ညွှန်းသည်။

2. ကျွန်ုပ်တို့သည် တူညီသောအသိဉာဏ်၊ တူညီသောအလိုဆန္ဒရှိပြီး၊ ကျွန်ုပ်တို့၏စိတ်နှင့် စိတ်နှလုံးအတွင်းပတ်လည်၌ တူညီသော ရည်ရွယ်ချက်ရှိရမည်။ ဤသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး ပါဝင်နေကြောင်း ဆိုလိုသည်။

B. မဿဲ ၁၈း၁၉ ၌ သဘောတညီတညွတ်ဖြစ်ခြင်းအတွက် ဂရိစကားလုံး *ဆွမ်ဖိုနီယို (sumphoneo)* ကို အသုံးပြုထားသည်။

1. ထိုစကားလုံးမှာ "ညီညွတ်မျှတခြင်း၌ သို့မဟုတ် သဟဇာတဖြစ်ခြင်း"ကို ဆိုလိုပြီး၊ ဂီတတူရိယာများ သို့မဟုတ် အသံများ၏ ညီညွတ်သောအသံကို ရည်ညွှန်းသည်။

2. ယုံကြည်သူများအကြားရှိ သဘောတညီတညွတ်ဖြစ်ခြင်း သို့မဟုတ် အတွင်းပိုင်းခံစားမှု ညီညွတ်ခြင်းသည် ညီညွတ်လိုက်ဖက်သော ဂီတသံစဉ်ကဲ့သို့ ဖြစ်သည်။

3. ကျွန်ုပ်တို့၌ သဘောတညီတညွတ်ဖြစ်ခြင်းရှိသောအခါ ဘုရားသခင်အဖို့ ကျွန်ုပ်တို့သည် ဂီတသံစဉ်ဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် ရေးသားချက်၌သာမက၊ အသံ၌၊ စကားသံ၌၊ ဂီတသံစဉ်၌ပါ ကဗျာဖြစ်လာကြသည်။

## III. သဘောတညီတညွတ်ဖြစ်ခြင်းကို ကိုင်စွဲထားသည့်အကြောင်းရင်းမှာ တမန်တော်များ၏သွန်သင်ခြင်းဖြစ်သည် - တ၂း၄၂၊ ၄၆။

A. တစ်လုံးတစ်ဝဖြစ်ခြင်း - သဘောတညီတညွတ်ဖြစ်ခြင်း- ကို လက်တွေ့လုပ်ဆောင်ခြင်းသည် တမန်တော်များ၏ သွန်သင်ခြင်းအရဖြစ်သည် - အငယ်၊၄၂။

B. တမန်တော်ဝတ္ထုက ယုံကြည်သူများအလယ်တွင် သဘောတညီတညွတ်ဖြစ်ခြင်း ရှိခဲ့ကြောင်း၊ သဘောတညီတညွတ်ဖြစ်ခြင်း၌ ရှိသူအားလုံးသည် တမန်တော်များ၏သွန်သင်ခြင်း၌ လုံ့လရှိစွာ ဆက်လက်လုပ်ဆောင်ခဲ့ကြကြောင်း ပြောထားသည်။

C. တမန်တော်များသည် တူညီသောအရာကို နေရာအားလုံးနှင့် အသင်းတော်များအားလုံးရှိ သန့်ရှင်းသူများအားလုံးထံသို့ သွန်သင်ခဲ့ကြသည် - ၁ကော၊၄း၁၇။ ၇း၁၇။ ၁၁း၁၆။ ၁၄း၃၃ခ-၃၄။

1. ကျွန်ုပ်တို့သည်လည်း တူညီသောအရာကို မြေကြီးတစ်ပြင်လုံးရှိ နိုင်ငံတိုင်းမှ အသင်းတော်များအားလုံး၌ သွန်သင်ရမည်ဖြစ်သည် - မ၊၂၈း၁၉-၂၀။

2. ဓမ္မသစ်ကျမ်းတွင် သွန်သင်ခြင်းတစ်ခုသည် အသင်းတော်တစ်ပါးအတွက် ကောင်းပြီး၊ အခြားအသင်းတော်များအတွက် မကောင်းပါဟူ၍ သွန်သင်ထားခြင်း မရှိပါ။ ထိုအစား ဓမ္မသစ်ကျမ်းက အသင်းတော်များအားလုံးသည် သွန်သင်ခြင်းများကို လက်ခံရယူခြင်း၌ တူညီကြောင်း ဖွင့်ပြထားသည် - တိတု၊၁း၉။

## IV. ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်သောအခါ၊ စိတ်တစ်ခုတည်းနှင့်အတူ တစ်ဝိညာဉ်တည်း၌ ရှိကြရန် ကျွန်ုပ်တို့သင်ယူရမည်ဖြစ်သည် - ဖိ၊၁း၂၇။

A. ကျွန်ုပ်တို့သည် ဝိညာဉ်သို့ လှည့်ပြန်လာကာ၊ ထို့နောက် တစ်ဝိညာဉ်တည်းဖြင့် ကျွန်ုပ်တို့စိတ်အထဲသို့ ဝင်ရောက်ခြင်းဖြင့် သဘောတညီတညွတ်ဖြစ်ခြင်း၌ ရှိရန် လိုအပ်သည် - ၂း၂၊ ၅။ ၄း၂။

B. ကျွန်ုပ်တို့၌ စစ်မှန်သော သဘောတညီတညွတ်ဖြစ်ခြင်း၏ အကြောင်းရင်း ရှိလိုလျှင် "တူညီသောအသိဉာဏ်၌၊ တူညီသော သဘောတစ်သံတစ်သမတ်တည်းဖြစ်ခြင်း" ရှိရန် လိုအပ်သည် - ၁ကော၊၁း၁၀။ ၇း၂၅၊ ၄၀။

1. သဘောတညီတညွတ်ဖြစ်ခြင်းကို သိမြင်ခြင်းမှ ကျွန်ုပ်တို့အား တားဆီးနေသော ဒေသန္တရအသင်းတော်ရှိ ပြဿနာမှာ ကျွန်ုပ်တို့၏ ထင်မြင်ချက် ဖြစ်သည် - မ၊၁၆း၂၂-၂၅။ ဖိ၊၂း၂။ ၄း၂။

2. သခင်ဘုရား၏အလုပ်၌၊ အသင်းတော်အသက်တာ၌၊ ဝိညာဉ်ရေးရာအသက်တာ၌ အကြီးမားဆုံးဖျက်ဆီးနေသည့်အရာမှာ ကျွန်ုပ်တို့၏ ထင်မြင်ချက်ဖြစ်သည် - ၁ကော၊၁း၁၀-၁၃က။

3. ထင်မြင်ချက်များသည် မှောင်မိုက်၏လက္ခဏာဖြစ်သည် (ယော၊၁း၉-၁၀)။ ကျွန်ုပ်တို့သည် သခင်ဘုရား၏အလိုတော်နှင့် ဆန့်ကျင်သည့် ထင်မြင်ချက်ကို ဖော်ပြသည့်အခါတိုင်း ထိုထင်မြင်ချက်က ကျွန်ုပ်တို့သည် မှောင်မိုက်၌ လျှောက်လှမ်းနေကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။

4. သခင်ဘုရားသည် တစ်ဦးတစ်ယောက်၏ ထင်မြင်ချက်ကို အခြေခံပြီး လုပ်ခဲ့သည့်အရာ မရှိခဲ့ဖူးပါ။ ကိုယ်တော်သည် မိမိအလိုတော်အတိုင်း အမြဲလုပ်ဆောင်ခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ထင်မြင်ချက်အတိုင်း ဆုတောင်းခြင်းအပါအဝင်၊ ကျွန်ုပ်တို့၏ ထင်မြင်ချက်အရ ဘယ်သောအခါမျှ လှုပ်ရှားမည်မဟုတ်ပါ - ၁ယော၊၅း၁၄-၁၅။

C. သဘောတညီတညွတ်ဖြစ်ခြင်း၌ ရှိခြင်းမှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး၌ တစ်ခုတည်းဖြစ်ရန်ဖြစ်၍၊ ဤအရာသည် ကျွန်ုပ်တို့၏အပြင်ပိုင်း စကားပြောခြင်း၌ ကျွန်ုပ်တို့ဖြစ်ခြင်းတွင် တစ်ခုတည်းဖြစ်ခြင်း ထွက်ပေါ်လာစေသည် - ရော၊၁၅း၅-၆။

1. အသိဉာဏ်တစ်ခုတည်းနှင့် နှုတ်တစ်ခုတည်းရှိခြင်းမှာ ကျွန်ုပ်တို့၌ ဦးခေါင်းတော် - ခရစ်တော် - တစ်ပါးတည်းရှိခြင်းကို ဆိုလိုသည်၊ အကြောင်းမှာ ဦးခေါင်းတော်၌သာ အသိဉာဏ်တစ်ခုနှင့် နှုတ်တစ်ခုတည်းရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အသိဉာဏ်ဖြင့် စဉ်းစားပြီး၊ ဦးခေါင်းတော်၏ နှုတ်ဖြင့် စကားပြောသင့်ပေသည် - ကော၊၁း၁၀က။ ဖိ၊၂း၂၊ ၅။ ၄း၂။

2. ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်း၌ ရှိသောအခါတိုင်း တူညီသောအရာကို ပြောဆိုကြသည်၊ ကျွန်ုပ်တို့သည် တစ်ခုတည်းသောနှုတ်ဖြင့် စကားပြောကြသည်။

3. သဘောတညီတညွတ်ဖြစ်ရန်နှင့် နှုတ်တစ်ခုတည်းရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့၏စိတ်နှလုံး၌လည်းကောင်း၊ ကျွန်ုပ်တို့၏နှုတ်၌လည်းကောင်း ခရစ်တော်အား အရာခပ်သိမ်းဖြစ်ဖို့ အခန်းဖွင့်ပေးရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်သည် ဘုန်းထင်ရှားနိုင်မည်ဖြစ်သည် - ဧ၊၃း၁၇က၊ ၂၁။

**V. သဘောတညီတညွတ်ဖြစ်ခြင်းသည် ဓမ္မသစ်ကျမ်းရှိ ကောင်းချီးမင်္ဂလာရှိသမျှသို့ အဓိကသော့ချက်ဖြစ်သည် - တ၊၁း၁၄။ ဧ၊၁း၃။ ရော၊၁၅း၂၉။**

A. ကျွန်ုပ်တို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို တန်ဖိုးထားရန်လိုအပ်ပြီး၊ အသင်းတော်အသက်တာ၌ အရာခပ်သိမ်းသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာအပေါ် မူတည်ကြောင်း သိနားလည်ရန်လိုအပ်သည် - ဧ၊၁း၃။

B. ကျွန်ုပ်တို့အားလုံးက အသင်းတော်များသည် ဘုရားသခင်မိန့်မှာထားသော ကောင်းချီးမင်္ဂလာကို ရရှိခြင်းအား မြင်လိုကြပါသည် - ဆာ၊၁၃၃း၃။

C. အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့သည် အသင်းတော်အတွက် နည်းလမ်းမှာ "ခရစ်တော်၏ ကောင်းချီးမင်္ဂလာ ပြည့်ဝပြည့်စုံခြင်း" အောက်၌ရှိရမည်ဖြစ်ကြောင်း သိရန် လိုအပ်သည် - ရော၊၁၅း၂၉။

1. ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် သဘောတညီတညွတ်ဖြစ်ခြင်း အခြေအနေအပေါ်၌သာ ရောက်လာနိုင်ကြောင်း မြင်ရန် ကျွန်ုပ်တို့အဖို့ အလွန်အရေးကြီးပေသည်။ ဘုရားသခင်သည် သဘောတညီတညွတ်ဖြစ်ခြင်းကိုသာ ကောင်းချီးပေးလိမ့်မည်ဖြစ်သည် - တ၊၂း၄၆။

2. ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို လက်ခံရရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရမည်၊ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန်နည်းလမ်းမှာ သဘောတညီတညွတ်ဖြစ်ခြင်းအားဖြင့်သာဖြစ်သည် - ၄း၂၄။ ၁၅း၂၅။ ရော၊၁၅း၆။

© 2021 Living Stream Ministry